# တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း

မြန်မာ၊ ၂၀၁၅ခုနှစ် ဇွန်လ

OCHA
United Nations Office
for the Coordination of
Humanitarian Affairs

# အကျဉ်းချုပ်တင်ပြချက်

အောက်ဖော်ပြပါ အစီရင်ခံစာသည် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများတွင် မည်သို့တာဝန်ယူမှုရှိသည်ကို ယာယီစခန်း ၁၀ခုရှိ ရပ်ရွာလူထု အသိုင်းအဝိုင်းများ၏အမြင်များအား လျှပ်တပြက်ကောက်ယူ တင်ပြထားခြင်း ဖြစ်ပါသည်။ ကချင်နှင့်ရခိုင်ပြည်နယ်များတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၃၀၀ကျော် ပါဝင်သော ဦးတည်အုပ်စုအဖွဲ့ ၃၀တို့နှင့် ဆွေးနွေးမှုများပြုလုပ်ပြီး ထွက်ပေါ်လာသည့် ယေဘုယျ တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ကူညီထောက်ပံ့မှုများ လျော့နည်းသွားခြင်း နှင့်/သို့မဟုတ် ရပ်တန့်သွားမည်ကို ကြောက်ရွံ့ခြင်းများ၊
- အဖွဲ့အစည်းများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများကြားတွင် ဆက်သွယ်မှုများမရှိခြင်း၊ အဖွဲ့အစည်းများသည် လုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် ယာယီစခန်းများအတွင်းရှိ ကော်မတီ၊ ကော်မတီခွဲများနှင့် စခန်းအခြေပြုခန့်ထားသည့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်သာ ဆက်သွယ်ဆောင်ရွက်ကြခြင်း၊
- အများဆုံးဖော်ပြကြသော ကိုက်ညီမှုမရှိသည့် လိုအပ်ချက်များမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများအား ပံ့ပိုးခြင်းတို့ ဖြစ်ကြသည်၊
- အဖွဲ့အစည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ရရှိမှုမရှိပဲ ရိက္ခာဖြန့်ဝေမည့် ရက်များစသည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကိုသာ အဖွဲ့အစည်းများ အနေဖြင့် အလေးပေး ပြောကြားသည်၊
- အဖွဲ့အစည်းများမှ တိုင်ကြားချက်များအား တုံ့ပြန်မှုအားနည်းခြင်း သို့မဟုတ် ရပ်ရွာလူထုအသိုင်းအဝိုင်းမှလည်း တုံ့ပြန်ဆွေးနွေးမှု အားနည်းခြင်း။

ယေဘုယျအားဖြင့် ကချင်ပြည်နယ်မှ ဦးတည်အုပ်စုများအဖွဲ့များသည် ရခိုင်ပြည်နယ်မှ အဖွဲ့များထက် ပိုမိုအပြုသဘောဆောင် ဆွေးနွေးကြပြီး ထိုဆွေးနွေးမှုများသည်  ဒေသတွင်းအဖွဲ့အစည်းများ၏ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းအခန်းကဏ္ဍများကို ထင်ဟပ်သည့် သုံးသပ်ချက်များ ပါဝင်သည်။ ဘာသာစကား၊ ယဉ်ကျေးမှုများ တူညီခြင်း၊ တစ်ခါတရံ ဘာသာရေးယုံကြည်မှုများ တူညီမှုရှိခြင်းသည် လူထုအသိုင်းအဝိုင်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို ပိုမိုလွယ်ကူနိုင်စေပြီး တာဝန်ယူမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အထောက်အကူ ဖြစ်စေပါသည်။

ထိုပြည်နယ်နှစ်ခုအား တိုက်ရိုက်နှိုင်းယှဉ်မှုများ ပြုလုပ်ခြင်းကို ကန့်သတ်ထားသည့် ဒေသတွင်းကွာခြားမှု အခြေအနေများ ရှိနေသော်လည်း ထိုအခြေအနေနှစ်ရပ်လုံးတွင် အသုံးဝင်နိုင်မည့် အကြံပြုချက်များလည်း ရှိနေပါသည်။ ၎င်းတို့မှာ

- အဖွဲ့အစည်းများသည်
    - ယာယီစခန်းအတွင်း ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မတီခွဲများနှင့် စခန်းအခြေပြုခန့်ထားသည့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ မဟုတ်သော နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းကို ပိုမိုအားစိုက်ကြရန်၊
    - ရပ်ရွာလူထုအသိုင်းအဝိုင်း၏ တိုင်ကြားချက်များကို အချိန်မီ တုံ့ပြန်ဆွေးနွေးခြင်းများအား ဦးစားပေး အနေဖြင့် ဆောင်ရွက်ကြရန်၊
    - နေရပ်စွန့်ခွာတိမ်းရှောင်သူများအနက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားနည်းသည့် သီးခြားဖြစ်နေသောအုပ်စုများအနေဖြင့် ထိရောက်စွာပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မည့် အခွင့်အရေးရရှိမှုကို သေချာစေရန်အတွက် ၎င်းတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အလေ့အထများကို ပြန်လည်သုံးသပ်ရန်။
- ယာယီစခန်းစီမံခန့်ခွဲရေးအဖွဲ့အစည်းများသည်
    - တိုင်ကြားမှုတုံ့ပြန်ရေးယန္တရား၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဦးတည်အုပ်စုများဖြင့် ဆွေးနွေးခြင်းနည်းလမ်းကို အသုံးပြုရန်၊
    - ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းကို ရရှိစေနိုင်ရန် ယာယီစခန်းတိုင်းအတွက် ထိခိုက်လွယ်သော အုပ်စုများပါဝင်မှုရှိသည့် ဆက်သွယ်ဆောင်ရွက်ခြင်းစီမံချက်တိုတစ်ခုကို ဖော်ဆောင်ချမှတ်ရန်။

ဂျွန်ဘက်ဂ်၊ ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း
လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (OCHA)၊ မြန်မာ ၂၀၁၅ ခုနှစ် ဇွန်လ

# ကချင်ပြည်နယ်အတွင်းရှိ ဘေးဒဏ်သင့်သူများအား တာဝန်ယူမှုနဲ့ စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း

**အကြောင်းရင်း** - မြန်မာနိုင်ငံအတွက် ၂၀၁၅ ခုနှစ် လူသားချင်းစာနာမှုတုံ့ပြန်ရေးစီမံကိန်းသည် လူသားချင်းစာနာမှု အဖွဲ့အစည်းများက ၎င်းတို့လုပ်ကိုင်ဆောင်ရွက်နေကြသော ရပ်ရွာအသိုင်းအဝန်းများအား ပိုမိုတာဝန်ယူနိုင်ရေးကို အဓိက ထားသည်။ ဤလေ့လာမှုက ဘေးဒဏ်သင့်သူများအား တာဝန်ယူမှုဆိုင်ရာ IASC ကတိကဝတ်များ (CAAP) ကို လူသားချင်းစာနာမှုအဖွဲ့များ ပိုမိုလိုက်နာနိုင်ရန် ရည်ရွယ်ချက်ဖြင့် မိမိတို့ မည်မျှတာဝန်ယူကြောင်း လူထုအသိုင်းအဝိုင်း၏ အမြင်ကို ဖော်ပြပေးသည်။

## နည်းစနစ်

ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီများ၊ အမျိုးသမီးအုပ်စု၊ အမျိုးသားအုပ်စုများ စသည်ဖြင့် ဦးတည်အုပ်စု ဆွေးနွေးပွဲများ ကျင်းပကာ အရေအတွက်နှင့် အရည်အသွေးပိုင်းဆိုင်ရာ အချက်အလက်များကို ကောက်ခံသည်။ အမျိုးသမီး အမျိုးသားအုပ်စုများတွင် အဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းများ သို့မဟုတ် ယာယီစခန်း အခြေပြုဝန်ထမ်း မဟုတ်သူများ ပါဝင်စေရန် ကြိုးပမ်းဆောင်ရွက်ထားသည်။ ဦးတည်အုပ်စု ဆွေးနွေးမှုအကြောင်းအရာများကို OCHA နှင့် လူသားချင်းစာနာရေး တာဝန်ခံမှု မိတ်ဖက်အဖွဲ့ တို့ဖော်ထုတ်ထားသော နည်းစနစ်ကို အသုံးပြုထားသည်။ ဤအစီရင်ခံစာသည် အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ တုံ့ပြန်ပြောကြားချက်များကို အလေးပေးဖော်ပြသည်။

## အတိုင်းအတာ

ဤလေ့လာမှုသည် တာဝန်ယူမှုအခြေအနေ လျှပ်တပြက်မြင်ကွင်း တစ်ရပ်ကို ဖော်ပြနိုင်ရန်အတွက် ကချင်ပြည်နယ်ရှိ အစိုးရအုပ်ချုပ်သော နယ်မြေများအတွင်းမှ ယာယီစခန်း၄ခု ကို ဦးတည်သည်။ ယာယီစခန်းများနှင့် တစ်ခုချင်း၏ သဘောသဘာဝများအရ ထိုက်သင့်သော ကိုယ်စားပြုမှုပမာဏကို ရရှိနိုင်ရန် ခဲယဉ်းသည်။ သို့သော် တင်ပြလာသော ကိစ္စရပ်များမှာ ကချင်ပြည်နယ်တွင်း အခြားစခန်းများကိုလည်း ထင်ဟပ်ဖော်ပြသည်ဟု ယူဆရသည်။

## ယာယီစခန်းအခြေအနေများ

ယာယီစခန်းတစ်ခုချင်းတွင် ၎င်းတို့သီးခြားအခြေအနေနှင့် လူမှုဖွဲ့စည်းပုံများရှိသည်။ ယာယီစခန်းများတွင် လူမျိုးစုအများအပြားနေထိုင်ကြသော်လည်း အများစုမှာ လူမျိုးတစ်မျိုးတည်း ဖြစ်သည်။ ပုံမှန်အားဖြင့် စခန်းများသည် နေထိုင်သူများနှင့် တူညီသော ဘာသာရေးအသင်းဆိုင်ရာ ဘုရားကျောင်းများ၊ ဘာသာရေး အဆောက်အအုံများအတွင်းတွင် တည်ရှိသည်။ ဘုရားကျောင်းများသည် ကချင်အသိုင်းအဝိုင်းအတွင်း မျိုးနှင့်ရိုးနှင့်ချီ၍ အဓိကကျသော အခန်းကဏ္ဍမှပါဝင်ကာ လူထုအသိုင်းအဝိုင်းအတွက် ဘာသာရေးပိုင်း လက်တွေ့ ပိုင်းဆိုင်ရာ အထောက်အပံ့များပေးသည်။ ဤယာယီစခန်းများစီမံခန့်ခွဲမှုကို ဒေသတွင်းနှစ်ပေါင်းများစွာ လုပ်ငန်း ဆောင်ရွက်နေကြသည့် ဒေသခံအဖွဲ့အစည်းများက ကိုင်တွယ်သည်။ ထိုအဖွဲ့များသည် ရပ်ရွာအသိုင်းအဝိုင်းအတွင်း အချိန်ကြာမြင့်စွာ လုပ်ငန်းဆောင်ရွက်ကာ ယုံကြည်မှုနှင့် ကောင်းမွန်သော ဆက်ဆံရေးတို့ တည်ဆောက်ထားပြီး ဖြစ်သည်။ တူညီသော ဘာသာစကားနှင့် ယဉ်ကျေးမှုတို့က ပိုမိုလွယ်ကူစွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပိုမိုပွင့်လင်းသော ဆက်ဆံရေးတို့ဖြစ်လာစေပြီး ပိုမိုတာဝန်ယူနိုင်ရန် အထောက်အကူပြုသည်။

အိမ်ထောင်ဦးစီးများသည် မိမိတို့ မိသားစုများအတွက် အခြားအထောက်အပံ့များပေးနိုင်ရန် အလုပ်အကိုင်များ ရှာဖွေ ကြပေလိမ့်မည်။ အမျိုးသမီး၊ အမျိုးသားတို့သည် မိသားစုကို ထောက်ပံ့ရန်အတွက် ရွှေ့ပြောင်းအလုပ်အကိုင်များကို လုပ်ကိုင်ကြသည်။ မြို့များနှင့်နီးသော စခန်းများသည် အလုပ်အကိုင်အခွင့်အလမ်းပိုမိုကောင်းပြီး မိသားစုအတွက် ဝင်ငွေရှာဖွေသူအနေဖြင့် စခန်းသို့ ညဘက်တွင် ပြန်လာနိုင်သည်။ သို့သော် ဝေးလံသည့် စခန်းများတွင် အခွင့်အလမ်း နည်းပါးသည့်အတွက် အလုပ်ရှာရန် ပိုမိုဝေးလံစွာ သွားရသလို အချိန်ကြာမြင့်စွာ အဝေးတွင် နေထိုင်ရနိုင်သည်။

ဒေသခံအဖွဲ့အစည်းများတင်ပြသကဲ့သို့ အကူအညီလျော့နည်းလာသည်ဆိုသည့် ခံစားချက်ကို ရပ်ရွာလူထု အသိုင်းအဝိုင်းအတွင်းမှ ကြားသိရသည်။ ၎င်းတို့က အကူအညီများ ရပ်တန့်သွားမည်ကို စိုးရိမ်ကြောင်း ဖော်ပြကြသည်။ အချို့အဖွဲ့များက မည်သည့်အတွက် ငွေကြေးရန်ပုံငွေနည်းပါးကြောင်း ရှင်းလင်းတင်ပြကြသော်လည်း အလွယ်တကူ သဘောပေါက်ခြင်း မရှိကြပေ။ ရပ်ရွာလူထုအသိုင်းအဝိုင်း အတွင်း ကောလာဟလနှင့် သတင်းမှားများ လျှင်မြန်စွာ ပျံ့နှံ့သည်။ လူတိုင်းအတွက် ဦးစားပေးအချက်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အိမ်ပြန်နိုင်မည့်အချိန် ဖြစ်သည်။ အထူးသဖြင့် အိမ်ပြန်ရသည့်အခါ မည်သည့်အကူအညီများ ရမည်ကို သိလိုကြသည်။ အိမ်ပြန်ရသည့်အခါ အကူအညီများ မရတော့မည်ကို စိုးရိမ်ကြသည်။ စခန်းများအကြား ကယ်ဆယ်ရေး ပစ္စည်းဖြန့်ဝေမှုများကို အချိန်ကိုက်ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းနှင့် စခန်းတစ်ခုတည်းအတွင်း ထိခိုက်လွယ်သူများ အကြား တူညီသောအကူအညီ မရှိခြင်းများကို စိုးရိမ်ကြောင်းလည်း ဖော်ပြကြသည်။

1. http://interagencystandingcommittee.org/accountability-affected-people

2. ဤအသုံးအနှုန်းတွင် "ထောက်ပံ့ကြေးရ လုပ်သား" နှင့် အေဂျင်စီများမှ ခန့်အပ်သော ရပ်ရွာလူထုအတွက် အခြားအသုံးအနှုန်းများ အကျုံးဝင်သည်။

3. http://hapinternational.org/pool/files/Methodology%20-%20Participative%20evaluation%20of%20AAP.pdf

4. မော်ဖောင်းလော်ဝေါ် နှစ်ချင်းဘုရားကျောင်း၊ ခတ်ချို၊ စင်ကြိုင်၊ နောင်ပဒီးရွာနှင့် နန့်ကွယ် စိန့်ဂျွန် ကက်သလစ်ဘုရားကျောင်း

# ဦးတည်အုပ်စုမှ မေးခွန်းများကို တုံ့ပြန်မှု

## မေး၁ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်း အရေးအကြီးဆုံးလိုအပ်ချက်များကို လူသားချင်းစာနာမှုအဖွဲ့အစည်းများက တုံ့ပြန်ကြပါသလား။

- အမျိုးသားများသည် ယာယီစခန်းပြင်ပတွင် အလုပ်လုပ်ကိုင်ကြသည့်အတွက် ရပ်ရွာတွင်း မည်သည့်အဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်နေကြသည်ကို ပြန်ပြောပြရာတွင် အခက်အခဲရှိကြသည်။
- စခန်းသုံးခုသည် အကူအညီလျှော့ချမည် သို့မဟုတ် လုံးဝရပ်တန့်မည်ဆိုသည့် ကောလဟာလများနှင့် ပတ်သက်၍ စိုးရိမ်နေကြကြောင်း ဖော်ပြကြသည်။
- ယေဘူယျအားဖြင့် လူများက မိမိတို့၏ အရေးအကြီးဆုံး လိုအပ်ချက်များကို လူသားချင်းစာနာမှုအဖွဲ့များက ဖြည့်ဆည်းပေးထားသည်ဟု ယုံကြည်သည်။ သို့သော် အဖွဲ့အားလုံးက အောက်ပါလိုအပ်ချက်များကို ဖော်ပြကြသည်။
  - စားနပ်ရိက္ခာကို ပံ့ပိုးမည့် အပိုအစားအသောက်အတွက် ငွေကြေး "ဟင်းဖိုးငွေ"၊ အချို့စခန်းများတွင် ဖြန့်ဖြူးပေးဖူးသည်။ သို့သော်လည်း လက်ရှိတွင် မပေးတော့ပါ။
  - ပညာရေးအတွက် ငွေကြေးအထောက်အပံ့ - အပိုကျူရှင်အတွက် သုံးစွဲရန် (အခန်းငှားရန်နှင့် ဆရာငှားရန်)၊ ကျောင်းလခနှင့် အခြားလိုအပ်မှုများ။
  - အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစတင်ရန် ငွေကြေးအထောက်အပံ့။

## မေး၂ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်းရှိ ထိခိုက်အလွယ်ဆုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် လူသားချင်းစာနာမှုအဖွဲ့အစည်းများ၏ စွမ်းရည်ကို မည်သို့သုံးသပ်မည်နည်း။

- ရပ်ရွာအတွင်း သီးခြားလိုအပ်ချက်ရှိသူများကို အစဖော်မပေးဘဲနှင့် မည်သည့်အုပ်စုမှ ချက်ချင်း ဖော်ထုတ်နိုင်ခြင်း မရှိပါ။ အစဖော်ပေးသည့်အခါ အထူးသဖြင့် ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ အတွက် သီးခြားလိုအပ်ချက်များကို ဖော်ပြနိုင်သည်။
- ထိခိုက်လွယ်သော အုပ်စုများထံ အကူအညီပေးအပ်မှုနှင့်ပတ်သက်၍ စခန်းတွင်းအခြေအနေ၊ အထူးသဖြင့် မည်သည့်အဖွဲ့က မည်သည့်အကူအညီ ပေးသည်ကို အမျိုးသားများထက် ပိုမိုသိရှိထားသော အမျိုးသမီးများက ပိုမိုဝေဖန်ပိုင်းခြားနိုင်သည်။ ထို့ကြောင့် ဤအဖြေမှာ ပိုမိုတိကျသည်ဟု ယူဆရသည်။
- ယာယီစခန်းများအကြားနှင့် ယာယီစခန်းအတွင်းတွင်လည်း ထောက်ပံ့ကူညီမှုများ မတူညီကြပေ။ ဥပမာ အချို့ယာယီစခန်းများတွင် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများအတွက် အကူအညီများရှိသော်လည်း အခြားယာယီစခန်းများတွင် သီးခြားအကူအညီမရှိပေ။
- ထိခိုက်လွယ်သောအုပ်စုများနှင့်ပတ်သက်၍ ယာယီစခန်းအားလုံးရှိ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် မီးမဖွားမီ ငွေကြေးဖြစ်စေ၊ တစ်ခါတစ်ရံ ကလေးသူငယ်သုံးပစ္စည်းများဖြစ်စေ အကူအညီအချို့ရရှိကြသည်။

## မေး၃ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ဆက်ဆံရေးပိုင်းဆိုင်ရာ အရည်အသွေးကို မည်သို့သုံးသပ်မည်နည်း။

- ပုံမှန်အားဖြင့် ယာယီစခန်းအများစုတွင် ရပ်ရွာအသိုင်းအဝိုင်းအတွင်း လူသားချင်းစာနာမှုအဖွဲ့များနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိသည်။ ယာယီစခန်းများမှာ ဘုရားကျောင်းဝင်းအတွင်းရှိပြီး ယာယီစခန်းစီမံခန့်ခွဲရေးအဖွဲ့အစည်းများမှာ တူညီသောဘာသာရေးအသင်းမှ ဖြစ်သည့်အချက်က ဆက်ဆံရေးအခြေအနေကို အထောက်အကူပြုသည်။ ဒေသခံ အဖွဲ့အစည်းများသည် ရပ်ရွာအတွင်း နှစ်ပေါင်းများစွာ လုပ်ငန်းဆောင်ရွက်ပြီး အဆက်အသွယ်များထားရှိကာ ယုံကြည်မှု တည်ဆောက်ထားခြင်းကလည်း အထောက်အကူဖြစ်စေသည်။
- ဆွေးနွေးသည့် အုပ်စုများက ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေမည့် နည်းလမ်းများကိုလည်း ဖော်ထုတ်ပေးခဲ့သည်။ ၎င်းတို့မှာ
  - ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့်မဟုတ်ဘဲ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် တိုက်ရိုက် ထိတွေ့ဆက်သွယ်ခြင်း။
  - နွေးထွေးပျူငှာသော ဝန်ထမ်းများ။
  - ကိစ္စရပ်များကို အကြိမ်ကြိမ်ရှင်းပြနိုင်သော စိတ်ရှည်လေးစားစရာကောင်းသည့် ဝန်ထမ်းများ။ ရပ်ရွာအသိုင်းအဝိုင်းအချို့မှာ ပညာအဆင့် အတန်းမြင့်မားခြင်းမရှိဘဲ အချို့ကိစ္စများကို အကြိမ်ကြိမ်ရှင်းပြရန် လိုအပ်သည်။
  - ဧည့်သည်များမလာရောက်မီ ၎င်းတို့မှာ မည်သည်တို့ကို ဆောင်ရွက်နေသည်၊ မည်သူဖြစ်သည်ဆိုသော အသေးစိတ်ရှင်းလင်းမှုများကို ခရီးစဉ်မတိုင်မီအသိပေးခြင်း။
  - ရပ်ရွာလူထုအသိုင်းအဝိုင်းအား ပေးထားသည့် ကတိများအတိုင်း ဆောင်ရွက်ခြင်း။
  - ဒေသခံ ဘာသာစကား/အရပ်သုံးစကားများ ပြောဆိုခြင်း။

## မေး၄ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်းရှိ လူသားချင်းစာနာမှုအဖွဲ့အစည်းများ ၎င်းတို့၏ လုပ်ငန်းများနှင့် ပတ်သက်၍ သတင်းအချက်အလက် မည်မျှရရှိထားပါသလဲ။

- အခြေခံအားဖြင့် အမျိုးသားများသည် လုပ်ငန်းခွင်သို့ ရောက်နေတတ်သည့်အတွက် သတင်းအချက်အလက် အနည်းဆုံး ရရှိသူများဖြစ်သည်။ သို့ရာတွင် ၎င်းတို့က ရပ်ရွာတွင်း အခြားအဖွဲ့ဝင်များ၊ အထူးသဖြင့် အမျိုးသမီးများထံ ဝေငှသော သတင်းအချက်အလက်များကို ယုံကြည်မှုရှိကြသည်။
- သတင်းအချက်အလက်နှင့် နားလည်မှုတို့တွင် အများဆုံးစိန်ခေါ်မှုများမှာ
  - ရွေးချယ်မှု စံနှုန်းများ။
  - အဘာယ်ကြောင့် စခန်းအားလုံး တူညီသော အကူအညီမရသနည်း။
  - အဖွဲ့အစည်းများ၏ ကွဲပြားသော အခန်းကဏ္ဍများနှင့် လုပ်ပိုင်ခွင့်တာဝန်များ၊ နောက်ခံ အချက်အလက်များ စသဖြင့်။
  - ပစ္စည်းဖြန့်ဝေမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်အတိအကျလိုအပ်၊ အထူးသဖြင့် မည်သည့်နေ့တွင် ရောက်ရှိမည်၊ အချို့အခြေအနေများတွင် လူကြီးများ အဝေးသို့ရောက်နေသည့်အခါ ကလေးသူငယ်များက စားနပ်ရိက္ခာများ လက်ခံရယူရသည်။ ဖြန့်ဝေမှုနှောင့်နှေးပါက စောင့်ဆိုင်းနေရသည့်အတွက် ကလေးများ ကျောင်းပိုပျက်နိုင်သည်။
- လူတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အိမ်ပြန်နိုင်မည့် အချိန် (ပြန်လည်နေရာချထားသည့်နေရာများမဟုတ်ဘဲ မိမိတို့ မူလနေရပ်များသို့)၊ မိမိတို့ရရှိမည့် အထောက်အပံ့၊ စခန်းများတွင် ဆက်လက်ရရှိမည့် အထောက်အပံ့ (ဆိုလိုသည်မှာ အထောက်အပံ့များ ရပ်တန့်သွားမည်လား) ဆိုင်ရာ သတင်းအချက်အလက်များကို လိုလားကြသည်။

## မေး၅ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်းရှိ လူသားချင်းစာနာမှုလုပ်ငန်းအစီအစဉ်များတွင် မည်သည့်အတိုင်းအတာအထိ ပူးပေါင်းပါဝင်ကြသည်ကို တွေ့ကြုံရပါသလဲ။

- အမျိုးသားများသည် အဝေးလုပ်ငန်းခွင်သို့ ရောက်နေတတ်ကြသည့်အတွက် ပူးပေါင်းပါဝင်မှုအနိမ့်ဆုံး ဖြစ်သည်။
- သို့သော် လုပ်အားပေးအဆင့်ထက်လွန်၍ အခြားပူးပေါင်းပါဝင်မှုတွင် (စီမံကိန်းနှင့် အရင်းအမြစ်ခွဲဝေပေးမှုဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်မှုတွင် ပါဝင်ခြင်း) အကန့်အသတ် ရှိသည်။ သို့သော် ထို့ထက် ပိုမိုပါဝင်ရန် တောင်းဆိုမှု ကြီးကြီးမားမားမရှိပါ။ ပိုမိုပါဝင်ခြင်းကြောင့်ရသည့် အကျိုးကျေးဇူးများကို ဖော်ပြကြခြင်း မရှိပေ။
- သွားရောက်ခဲ့သည့် ဝေးလံသော ကျေးလက်ယာယီစခန်းတစ်ခုတွင် ပညာတတ်သူများက ပိုမိုပါဝင်ခွင့်ရသည်ဟု ထုတ်ဖော်ပြောကြားမှုရှိသည်။ ယင်းတို့မှာ မြို့ပေါ်ဒေသများမှ လာရောက်သူများဖြစ်နိုင်ပြီး ကျေးလက်ရပ်ရွာလူထုအသိုင်းအဝန်းများမှာ ပညာရေးကို လက်လှမ်းမီမှု နည်းပါးသည်။
- ယေဘုယျအားဖြင့် စီမံကိန်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိပြီး ရံဖန်ရံခါ ဆွေးနွေးတိုင်ပင်မှုရှိသည်ဟု အုပ်စုများက ဖော်ပြသည်။ သို့သော် စီမံကိန်းပုံစံထုတ်မှုနှင့် စောင့်ကြည့်လေ့လာမှုများတွင် ပါဝင်ခြင်းမရှိကြပေ။

## မေး၆ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား ပြဿနာများကို မည်သို့တင်ပြသနည်း။

- ယဉ်ကျေးမှုအရ စောဒကတက်တိုင်ကြားခြင်းမရှိပေ။ ကျေးဇူးမသိတတ်ဟု အထင်ခံရမည်စိုးသောကြောင့် ဖြစ်သည်။ ယေဘုယျအားဖြင့် တုံ့ပြန်ဆွေးနွေးမှုများသည် ကျေးဇူးတင်လွှာနှင့် အကြံပေးလွှာများ ဖြစ်ပြီး တိုင်ကြားခြင်းမရှိပေ။
- အုပ်စုအများစုက နည်းလမ်း သုံးခုကို ဖော်ထုတ်ခဲ့သည်။
  - အဖွဲ့အစည်းဝန်ထမ်းများ စခန်းသို့ လာရောက်သည့်အခါ တိုက်ရိုက်တင်ပြခြင်း၊
  - အကြံပြုချက်များကို လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့် ဖြစ်စေ ပေးပို့ပေးမည့် ယာယီစခန်းကော်မတီများ မှတစ်ဆင့်၊
  - စခန်းစီမံခန့်ခွဲရေးအဖွဲ့အစည်းများမှ ဝန်ထမ်းများ ဖွင့်လှစ်သည့် အကြံပြုသေတ္တာများသို့ စာထည့်ခြင်းဖြင့် (လူကြိုက်နည်းသော ရွေးချယ်မှု)။
- ပုံမှန်အားဖြင့် တုံ့ပြန်မှုရှိသည်။ ဝန်ဆောင်မှုပေးအပ်သူမှာ ဒေသခံအဖွဲ့အစည်းဖြစ်ပါက ချက်ချင်း တုံ့ပြန်ဆွေးနွေးမှုများ ပေးနိုင်သည်။ သို့ရာတွင် တုံ့ပြန်ဆွေးနွေးမှုများသည် တစ်ခါတစ်ရံ အခြားအဖွဲ့များသို့ ရောက်သွားပြီး အဖြေပြန်မရတတ်ပေ။ ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီသို့ တုံ့ပြန်ဆွေးနွေးမှုများ ပို့ပိုးရန် နည်းလမ်းမရှိသလို ထိုအချက်မှာ လိုအပ်ချက် တစ်ခုဟုလည်း ရပ်ရွာလူထုအသိုင်းအဝန်းထံမှ ယူဆမှု မရှိပေ။

# ကချင် - အကြံပြုချက်များ

| IASC CAAP | အကြံပြုချက်များ |
|---|---|
| ခေါင်းဆောင်မှု/ အုပ်ချုပ်မှု | အစုအဖွဲ့၊ ကဏ္ဍများအနေဖြင့် ကချင်ပြည်နယ်ရှိ ဘေးဒဏ်သင့်သူများအား တာဝန်ခံမှုဆိုင်ရာ အလေ့အထကောင်းများကို ပိုမိုအားဖြည့်ပေးပြီး သင်ခန်းစာများကို မှတ်တမ်းတင်ထားသင့်သည်။<br><br>အဖွဲ့အစည်းအားလုံး ရပ်ရွာအကြံပြုချက်များကို အချိန်မီ တုံ့ပြန်မှုပေးသင့်သည် (အပြုသဘောဆောင်သော အဖြေမဟုတ်လျှင်ပင် အနည်းဆုံး မည်သည့်အတွက် မဖြစ်နိုင်ကြောင်းကို ရှင်းလင်းပြခြင်း)။ |
| ပွင့်လင်းမြင်သာမှု | ယာယီစခန်းတိုင်းရှိ စခန်းစီမံခန့်ခွဲရေးနှင့်လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများအတွက်ပါ လိုအပ်သည့် ကိရိယာတစ်ခုအဖြစ် စခန်းတွင်းရှိ ထိခိုက်လွယ်သော အုပ်စုအသီးသီးထံ ရောက်ရှိရေးအတွက် ဆက်သွယ်ရေးစီမံကိန်းတိုတစ်ခုကို စခန်းတိုင်းတွင် ထားရှိသင့်သည်။<br><br>သတင်းအချက်အလက်ကြော်ငြာဘုတ်များကို ဆက်သွယ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ဒေသအဖြစ် ပိုမိုထိရောက်စွာ အသုံးပြုသင့်သည်။ စခန်းတွင်း ဘာဖြစ်နေသည်၊ မည်သူက ခန့်ခွဲမွမ်းမံသည်၊ မည်သည့်အခါစသည်တို့နှင့်ဆိုင်သည့် အသုံးပြုပုံကို ရပ်ရွာနှင့် တိုင်ပင်ဆွေးနွေးသင့်သည်။<br><br>စခန်းအခြေစိုက် ရပ်ရွာလူထုထံကွင်းဆင်းမှုများတွင် 'ရွှေ့ပြောင်းလုပ်သားကိစ္စ' ကို ထည့်သွင်းစဉ်းစားသင့်သည်။ ရပ်ရွာလူထုအများစုရှိသည့် ညနေခင်း သို့မဟုတ် စနေ၊ တနင်္ဂနွေ၊ ဘုရား ရှိခိုးချိန် မတိုင်မီ သို့မဟုတ် အပြီးစသည့် အချိန်များတွင် သတင်းအချက်အလက်များကို ဝေမျှသင့်သည်။<br><br>ကွင်းဆင်းမှုနှင့် ရပ်ရွာလူထုထိတွေ့ဆက်ဆံမှုများကို တိုင်းရင်းသားအုပ်စုအသီးသီးတို့၏ ဒေသခံဘာသာစကားဖြင့် ဆောင်ရွက်သင့်သည်။ ပြောဆိုနိုင်သော ဝန်ထမ်းများ အဖွဲ့တွင်းမရှိသည့် အခါ စခန်းအတွင်းမှ တာဝန်ယူမည့်သူ တစ်ဦးဦးရှာဖွေပြီး ဘာသာပြန်အဖြစ်ဆောင်ရွက်နိုင်စေရန် သင်တန်းပေးသင့်သည်။ |
| တုံ့ပြန်ဆွေးနွေးမှု နှင့် တိုင်ကြားချက်များ | (စေတနာ့ဝန်ထမ်း၊ ထောက်ပံ့ကြေးရ လုပ်သားများ၊ စခန်းအခြေစိုက် ဝန်ထမ်းများအပါအဝင်) စခန်းများတွင် သို့မဟုတ် စခန်းများသို့ သွားရောက် လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်း ဝန်ထမ်းအားလုံးအနေဖြင့် တုံ့ပြန် ဆွေးနွေးမှုများရရှိသည့်အခါ မည်သို့ ဆောင်ရွက်ရမည်ကို သိရှိထားသင့်သည်။ ယင်းတုံ့ပြန်ဆွေးနွေးမှုများကို အချိန်အတိုင်းအတာတစ်ခုအတွင်း မှတ်တမ်းတင်၊ ထိရောက်စွာ ပြန်ကြားဆက်သွယ်ပြီး တုံ့ပြန်ရန် ရှင်းလင်းသော စနစ်တစ်ခုရှိသင့်သည်။<br><br>တိုင်ကြားမှုတုံ့ပြန်ရေးစနစ်အနေဖြင့် (လူသားချင်းစာနာမှုအဖွဲ့များနှင့် တိုက်ရိုက်မထိတွေ့သော) နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ပုံမှန် ဦးတည်အုပ်စုဆွေးနွေးမှုများ ရှိသင့်သည်။ |
| ပူးပေါင်းပါဝင် ဆောင်ရွက်မှု | ယာယီစခန်းတွင်း လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများ ပူးပေါင်းပါဝင်နိုင်မည့် အခွင့်အရေးရရှိမှုကို သေချာစေရန်အတွက် ၎င်းတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အလေ့အထများကို ပြန်လည်သုံးသပ်သင့်သည်။ ထိရောက်စွာ ပူးပေါင်းပါဝင်နိုင်စေရန်အတွက် ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ရေးနှင့် စွမ်းရည်မြှင့်တင့်မှုတို့ လိုအပ်နိုင်သည်။ |
| ပုံစံထုတ်ခြင်း၊ စောင့်ကြည့်လေ့လာ ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း | ယာယီစခန်းတွင်း လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းပုံစံ ဆွေးနွေးမှုများတွင် နေရပ် စွန့်ခွာတိမ်းရှောင်သူများပါဝင်စေမည့် နောက်ထပ် နည်းလမ်းများကို ရှာဖွေသင့်သည်။<br><br>ယာယီစခန်းတွင်း လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် ရပ်ရွာလူထုအခြေပြု စောင့်ကြည့် လေ့လာရေးစနစ်များကို အသုံးပြုရန် စဉ်းစားသင့်သည်။ |

# ရခိုင်ပြည်နယ်အတွင်းရှိ ဘေးဒဏ်သင့်သူများအား တာဝန်ယူမှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း

## အကြောင်းရင်း

မြန်မာနိုင်ငံအတွက် ၂၀၁၅ ခုနှစ် လူသားချင်းစာနာမှုတုံ့ပြန်ရေးစီမံကိန်းသည် လူသားချင်းစာနာမှု အဖွဲ့အစည်းများက ၎င်းတို့လုပ်ကိုင်ဆောင်ရွက်နေကြသော ရပ်ရွာအသိုင်းအဝန်းများအား ပိုမိုတာဝန်ယူနိုင်ရေးကို အဓိက ထားသည်။ ဤလေ့လာမှုက ဘေးဒဏ်သင့်သူများအား တာဝန်ယူမှုဆိုင်ရာ IASC ကတိကဝတ်များ (CAAP) ကို လူသားချင်းစာနာမှုအဖွဲ့များက ပိုမိုလိုက်နာနိုင်ရန် ရည်ရွယ်ချက်ဖြင့် မိမိတို့မည်မျှတာဝန်ယူကြောင်း လူထုအသိုင်းအဝိုင်း၏ အမြင်ကို ဖော်ပြပေးသည်။

## နည်းစနစ်

ယာယီစခန်းတစ်ခုစီတွင် ယာယီစခန်းစီမံခန့်ခွဲရေး ကော်မတီများ၊ အမျိုးသမီးအုပ်စုများ၊ အမျိုးသားအုပ်စုများ စသည်ဖြင့် ဦးတည်အုပ်စု ၃အုပ်စုဖြင့် ဆွေးနွေးပွဲများ ကျင်းပကာ အရေအတွက်နှင့် အရည်အသွေး ပိုင်းဆိုင်ရာ အချက်အလက်များကို ကောက်ခံသည်။ အမျိုးသမီး၊ အမျိုးသားအုပ်စုများတွင် အဖွဲ့အစည်းများမှ စေတနာဝန်ထမ်းများ သို့မဟုတ် ယာယီစခန်း အခြေပြုဝန်ထမ်း မဟုတ်သူများ ပါဝင်စေရန် ကြိုးပမ်းဆောင်ရွက်ထားသည်။ ဦးတည်အုပ်စုဆွေးနွေးမှု အကြောင်းအရာများကို OCHA နှင့် လူသားချင်းစာနာရေး တာဝန်ခံမှု မိတ်ဖက်အဖွဲ့တို့ ဖော်ထုတ်ထားသော နည်းစနစ်ကို အသုံးပြုထားသည်။ ဤအစီရင်ခံစာသည် အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ တုံ့ပြန်ပြောကြားချက်များကို အလေးပေး ဖော်ပြသည်။

## အတိုင်းအတာ

ဤလေ့လာမှုသည် တာဝန်ယူမှုအခြေအနေ လျှပ်တပြက်မြင်ကွင်းတစ်ရပ်ကို ဖော်ပြနိုင်ရန်အတွက် စစ်တွေမြို့ပြင်မှ ယာယီစခန်း၄ခု ကို ဦးတည်သည်။ ယာယီစခန်းများနှင့် တစ်ခုချင်း၏ သဘောသဘာဝများအရ ထိုက်သင့်သော ကိုယ်စားပြုမှုပမာဏကို ရရှိနိုင်ရန် ခဲယဉ်းသည်။ သို့သော် ဤစခန်း၅ခုမှ တင်ပြလာသော ကိစ္စရပ်များမှာ ရခိုင်ပြည်နယ်တွင်း အခြားစခန်းများကိုလည်း ထင်ဟပ်ဖော်ပြသည်ဟု ယူဆရသည်။

## ယာယီစခန်းအခြေအနေများ

ယာယီစခန်းတစ်ခုချင်းတွင် ၎င်းတို့၏သီးခြားအခြေအနေနှင့် မတူညီသော လူမှုဖွဲ့စည်းပုံများ ရှိကြသည်။ အများစု ဖော်ပြကြသော ကွာဟချက်တစ်ခုမှာ ပညာတတ်နှင့် ပညာမတတ်သူများကြားဖြစ်သည်။ ပညာတတ်သူများမှာ အများအားဖြင့် မြို့ပြဒေသမှဖြစ်ကြပြီး လူသားချင်းစာနာမှုအဖွဲ့များထံမှ စခန်းအခြေပြုဝန်ထမ်း သို့မဟုတ် စေတနာ့ဝန်ထမ်းအဖြစ် အလုပ်အကိုင်များ ရနိုင်ကြသည်။ ပညာမတတ်သူများမှာ ကျေးလက်ဒေသများမှ ဖြစ်ကြပြီး ကျဘမ်း သို့မဟုတ် နေ့စားအလုပ်သမားများအဖြစ်သာ အလုပ်အကိုင် ရှာဖွေနိုင်ကြသည်။ ကျဘမ်း သို့မဟုတ် နေ့စားလုပ်ငန်းများမှာ စခန်းတွင်း ဆောက်လုပ်ရေးစီမံကိန်းများရှိသည့်အခါ အရနိုင်ဆုံးဖြစ်သည်။ သို့သော် အကြီးစားဆောက်လုပ်ရေး လုပ်ငန်းအများစုမှာ ပြီးစီးသွားပြီ ဖြစ်သည့်အတွက် ယင်းအလုပ်များရရှိနိုင်မှုမှာ များစွာလျော့နည်းသွားသည်။ ရရှိနိုင်သည့် အလုပ်များနှင့်ပတ်သက်၍လည်း ပြိုင်ဆိုင်မှုနှင့် မနာလိုဝန်တိုမှုများ ရှိသည်။

အစိုးရခန့်အပ်သော ယာယီစခန်း စီမံခန့်ခွဲရေးကော်မတီများကို လူသားချင်းစာနာမှု အဖွဲ့များနှင့် ရပ်ရွာလူထုကြား အဓိက ဆက်သွယ်ဆောင်ရွက်သူများအဖြစ် တာဝန်ပေးထားပြီး ထို့အတွက် ယင်းအဖွဲ့ များမှာ အာဏာရှိသူများဖြစ်သည်။ ၎င်းအဖွဲ့များမှ အဖွဲ့၏ကဏ္ဍကို ထိရောက်စွာ ဆောင်ရွက်ခြင်းမရှိသလို သတင်းစကားများနှင့် သတင်းအချက်အလက်များမှာလည်း ရည်ရွယ်ထားသကဲ့သို့ ရပ်ရွာလူထု သို့မဟုတ် အဖွဲ့အစည်းများနှင့် မျှဝေခြင်းမရှိကြောင်း လေ့လာတွေ့ရှိချက်များက ဖော်ပြနေသည်။

1. http://interagencystandingcommittee.org/accountability-affected-people

2 ဤအသုံးအနှုန်းတွင် "ထောက်ပံ့ကြေးရ လုပ်သား" နှင့် အေဂျင်စီများမှ ခန့်အပ်သော ရပ်ရွာလူထုအတွက် အခြားအသုံးအနှုန်းများ အကျုံးဝင်သည်။

3 http://hapinternational.org/pool/files/Methodology%20-%20Participative%20evaluation%20of%20AAP.pdf

4 ဘောဒူဖ(၂)၊ ခေါင်းတုတ်ခါ(၁)၊ ဆပ်ရိုးကျ(၁)၊ သက်ကယ်ပြင်၊ အုန်းတောကြီး(တောင်)

# ဦးတည်အုပ်စုမှ မေးခွန်းများကို တုံ့ပြန်မှု

## မေး၁ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်း အရေးအကြီးဆုံးလိုအပ်ချက်များကို လူသားချင်းစာနာမှု အဖွဲ့အစည်းများက တုံ့ပြန်ကြပါသလား။

- ယေဘူယျအားဖြင့် တုံ့ပြန်မှုသည် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးထားသော်လည်း အရေးအတွက်ပိုင်းတွင် လိုအပ်ချက်ရှိသည်ဟု လူအများက ခံစားရသည်။ အများစုစိုးရိမ်နေသည့်အချက်မှာ အကူအညီများသည် ပဋိပက္ခစကာစကထက်စာလျှင် လျော့နည်းလာသည့် အချက်ဖြစ်သည်။
- အုပ်စုများက တင်ပြသည့် မဖြည့်ဆည်းရသေးသော ဦးစားပေးလိုအပ်ချက်များမှာ

  ၁။ အမျိုးသမီး၊ အမျိုးသားများအတွက် အလုပ်အကိုင်/အသက်မွေးဝမ်းကျောင်းမှု၊

  ၂။ ဝန်ဆောင်မှုအရည်အသွေးနှင့် အရေးပေါ်လွှဲပြောင်းရေးစနစ်ပိုမိုကောင်းမွန်စေခြင်းများ ပါဝင်သောကျန်းမာရေး ဝန်ဆောင်မှုများ၊

  ၃။ စားနပ်ရိက္ခာအတွက် စာရင်းတွင် မပါဝင်ခြင်း (ဥပမာ စခန်းသို့ အသစ်ရောက်လာသူများနှင့် မွေးကင်းစ ကလေးငယ်များ)၊ သို့မဟုတ် ရိက္ခာဝေစုမလုံလောက်ခြင်းနှင့်

  ၄။ မီးခိုရာနေရာ ပြုပြင်ရေးတို့ ဖြစ်ကြသည်။
- အမျိုးသမီးအုပ်စုများကလည်း စားနပ်ရိက္ခာမဟုတ်သောပစ္စည်းများ၊ တစ်ကိုယ်ရည်ကျန်းမာရေးသုံးပစ္စည်း ဖြန့်ဝေမှု၊ ကျောင်းသုံးပစ္စည်းများနှင့် မှုဆလင်ကယ်ဆယ်ရေးစခန်းများရှိ အမျိုးသမီးများအတွက် သီးသန့်ရေချိုးခန်းများနှင့် ဆက်စပ်သည့် လိုအပ်ချက်များကို တင်ပြကြသည်။ ဖြန့်ဝေထားသော စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများနှင့် တစ်ကိုယ်ရည်ကျန်းမာရေးသုံးပစ္စည်းများကို ဈေးကွက်တွင်း လျှင်မြန်စွာရောင်းချ ကြကြောင်းနှင့် ဤတွေ့ရှိချက်က အသက်မွေးဝမ်းကျောင်းအတွက် အခက်အခဲရှိမှုနှင့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ လိုအပ်မှုရှိကြောင်းကို တွန်းအားပေးထားကြောင်း လူသားချင်းစာနာမှုအဖွဲ့များက သတိပြုမိသည်။
- အမျိုးသမီး ၁၇ ရာခိုင်နှုန်းနှင့် အမျိုးသား ၁၀ ရာခိုင်နှုန်းတို့၏ "ရပ်ရွာအတွင်း လူသားချင်းစာနာမှုတုံ့ပြန်ရေး မရှိပါ" ဆိုသော အဖြေမှာ မေးခွန်းကို သဘောပေါက်နားလည်ကြမှု မရှိကြကြောင်း ဆိုလိုသည်။

## မေး၂ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်းရှိ ထိခိုက်အလွယ်ဆုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးသည့် လူသားချင်းစာနာမှုအဖွဲ့အစည်းများ၏ စွမ်းရည်ကို မည်သို့သုံးသပ်မည်နည်း။

- မိမိတို့ရပ်ရွာအတွင်းရှိ သီးခြားလိုအပ်ချက်ရှိသည့် ထိခိုက်လွယ်သောအုပ်စုများနှင့် ပတ်သက်၍ အုပ်စုအားလုံးနီးပါးအား အစဖော်ပေးရသည်။ ကလေးသူငယ်၊ လူငယ်၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်၊ အမျိုးသမီးဦးဆောင်သော မိသားစုများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ စသည်ဖြင့်။
- ယေဘူယျအားဖြင့် အမျိုးသမီးများမှာ အုပ်စုအလိုက် သီးခြားလိုအပ်ချက်များကို ပိုမိုဖော်ပြနိုင်ကြသည်။ ထို့ပြင် လူသားချင်းစာနာမှုအဖွဲ့များ၏ သီးသန့်လူအုပ်စုတို့၏ လိုအပ်ချက်များအပေါ် အကူအညီပေးမှုကိုလည်း ပိုမိုအဆိုးမြင်ကြသည်။

## မေး၃ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ဆက်ဆံရေးပိုင်းဆိုင်ရာ အရည်အသွေးကို မည်သို့သုံးသပ်မည်နည်း။

- အမျိုးသားများအနေဖြင့် များစွာအဆိုးမြင်ကြခြင်းမှာ ၎င်းတို့အားဦးတည်သည့် စီမံကိန်းမရှိသလောက် ဖြစ်သည့်အတွက်ဖြစ်နိုင်ပြီး အမျိုးသမီးများထက် ပိုမိုဆိုးဝါးသော တုံ့ပြန်ရေးဆိုင်ရာအတွေ့အကြုံများရှိသည်ဟု ဆိုလိုသည်။
- ဆက်ဆံရေးကို ထိခိုက်စေသည်ဟု အများဆုံး ဖော်ပြကြသောအချက်မှာ အဖွဲ့အစည်းများက နေရပ်စွန့်ခွာတိမ်းရှောင်သူများအား တိုက်ရိုက်လာရောက် တွေ့ဆုံမှုမရှိခြင်းဖြစ်သည်။ အဖွဲ့အစည်းအများစုသည် ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီများ သို့မဟုတ် ၎င်းတို့၏ယာယီ စခန်းအခြေစိုက်ဝန်ထမ်းများနှင့်သာ ဆက်ဆံပြောဆိုမှု ရှိကြသည်။
- ဆက်ဆံရေးအရည်အသွေးကို ထိခိုက်စေသည့် အဓိကအချက်များမှာ - ဝန်ထမ်းများ၏ သဘောထားနှင့် အလေ့အထ၊ ရပ်ရွာအစည်းအဝေး၊ ဖြန့်ဝေမှုနှင့် ဝန်ဆောင်မှုပေးအပ်သည့် အကြိမ်ရေတို့ဖြစ်သည်။
- အပြုသဘောဆောင်သော ဝန်ထမ်းအလေ့အထများမှာ နူးညံ့စွာပြောဆိုခြင်း၊ အလေးပေးနားထောင်ခြင်း၊ အောက်ကျို့စိတ်ရှည်စွာ ရှင်းလင်း ပြောဆိုခြင်းတို့ဖြစ်သည်။ ယင်းတို့အား စံသတ်မှတ်ချက်အဖြစ်ထက် ချွင်းချက်အဖြစ်မြင်ကြသည်။
- ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် အဖွဲ့အစည်းများအနေဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့်တွေ့ဆုံပြီး ၎င်းတို့၏ တုံ့ပြန်ဆွေးနွေးမှုများကို နားထောင်ပြီး အဖွဲ့အစည်းများကလည်း တုံ့ပြန်ဆောင်ရွက်မှုများ ရှိသင့်သည်ဟု အမျိုးသား၊ အမျိုးသမီး အုပ်စုများက အကြံပြုသည်။ ယခုကဲ့သို့ပြုလုပ်သော အလားတူ အစည်းအဝေး (ဦးတည်အုပ်စုဆွေးနွေးပွဲများ)မှာ ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့် တွေ့ဆုံဆွေးနွေးရန် နည်းလမ်းကောင်းတစ်ခုဖြစ်သည်ဟုလည်း အကြံပြုကြသည်။

## မေး၄ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်းရှိ လူသားချင်းစာနာမှုအဖွဲ့အစည်းများ ၎င်းတို့၏ လုပ်ငန်းများနှင့် ပတ်သက်၍ သတင်းအချက်အလက် မည်မျှရရှိထားပါသလဲ။

- အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးသမီးများက အမျိုးသားများထက် သတင်းအချက်အလက်ပိုမိုရရှိကြသည်ဟု ဆိုသည်။ ဤတွေ့ရှိချက်က သမရိုးကျ မူဆလင်အသိုင်းအဝိုင်းတွင် အမျိုးသမီးများက သတင်းအချက်အလက်ကို လက်လှမ်းမီမှု ပိုမိုနည်းပါးသည်ဆိုသော ယူဆချက်နှင့် ဆန့်ကျင်နေသည်။ အချို့အဖွဲ့အစည်းများသည် အမျိုးသမီးများမှာ အိမ်ကိုကြီးကြပ်နေသလို အုပ်ထိန်းသူအဖြစ် ဆောင်ရွက်သူများ ဖြစ်သည့်အလျောက် ယင်းတို့အား သတင်းအချက်အလက်ဝေမျှရန် ကြိုးပမ်းဆောင်ရွက် ထားကြသည်။ အမျိုးသားများအား ဦးတည်သော သီးခြားစီမံကိန်းမရှိသလို ယင်းကြောင့် သတင်းအချက်အလက်မရခြင်းလည်း ဖြစ်နိုင်သည်။
- သို့သော် မည်သည့်အုပ်စုမှ ယင်းတို့ရပ်ရွာအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများအကြောင်း၊ မည်သည့်နေရာမှလာသည်၊ မည်သည်တို့ ဆောင်ရွက်ထားသည် စသဖြင့် အသေးစိတ်သိရှိကြောင်း ပြောကြားနိုင်ခြင်းမရှိပေ။ မေးမြန်းသည့်အခါ အုပ်စုအားလုံးက ထိုသတင်းအချက်အလက်ကို ရရှိလိုသည်ဟု ဆိုသည်။ သို့သော် အဖွဲ့အစည်းအကြောင်းထက် ဝန်ဆောင်မှုပေးခြင်းကို ပိုမိုစိတ်ဝင်စားကြသည်။
- အထူးသဖြင့် ပတ်ဝန်းကျင်ရပ်ရွာများတွင် ဖြန့်ဝေမှုပြီးစီးသည့်အခါ ဖြန့်ဝေမှုဆိုင်ရာ ကြိုတင်အသိပေးမှုကို လိုလားကြသည်။ ရက်အနည်းငယ်နောက်ကျလျှင်ပင် ထိုသို့ နောက်ကျသော ဖြန့်ဝေမှုများက စခန်းများတွင် စိုးရိမ်မှုများဖြစ်စေပြီး နောက်ကျမည့်သတင်းအချက်အလက်များကိုလည်း ရပ်ရွာလူထုက သိရှိလိုကြသည်။ ထိုအချက်က တဖြည်းဖြည်းဖြင့် အကူအညီများ လျှော့ချနေသည်ဆိုသော အယူအဆကို ကူညီအားဖြည့် ပေးသည်။
- စခန်းသို့ လာရောက်မည့်သူများအကြောင်းကို ကြိုတင်သိရှိလိုပြီး ထိုလာရောက်သည့် အကြောင်းရင်းကို ကြိုတင် ရှင်းလင်းပြောကြားစေလိုသည်။
- အများဆုံး တူညီစွာ ဖော်ပြကြသော သတင်းအချက်အလက်လိုအပ်မှုမှာ ၎င်းတို့အား မည်သည့်အခါမှ အိမ်ပြန်ခွင့်ပြုမည်ဆိုသည့် အချက်ဖြစ်သည်။

## မေး၅ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်းရှိ လူသားချင်းစာနာမှုလုပ်ငန်းအစီအစဉ်များတွင် မည်သည့်အတိုင်းအတာအထိ ပူးပေါင်းပါဝင်သည်ကို တွေ့ကြုံရပါသလဲ။

- ပူးပေါင်းပါဝင်မှုအယူအဆကို အဖွဲ့အစည်းများက အလုပ်ခန့်အပ်ခံရသူ သို့မဟုတ် အကူအညီရရှိခြင်းဟု နားလည်ကြလေ့ရှိသည်။ ပြဿနာများ၊ ဖြေရှင်းရန်နည်းလမ်းများ ဖော်ထုတ်ခြင်း၊ စောင့်ကြည့်လေ့လာမှုတွင် ပါဝင်ခြင်းစသည့် အယူအဆမှာ အမျိုးသား သို့မဟုတ် အမျိုးသမီးများနှင့် အကျွမ်းတဝင်ရှိသော ကိစ္စများ မဟုတ်ပေ။
- အမျိုးသမီးများက အမျိုးသားများထက် ပိုမိုပါဝင်ကြသည့် အကြောင်းမှာ စခန်းများတွင် လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့များအနေဖြင့် ထိခိုက်လွယ်မှုအပေါ် အခြေခံ၍ အမျိုးသမီးများ ပိုမိုပါဝင်အောင် ဆောင်ရွက်ထားခြင်း သို့မဟုတ် အဖွဲ့အစည်းဦးတည်ချက်မှာ မိသားစုများအား ထောက်ပံ့ရေးဖြစ်ပြီး အစဉ်အလာအားဖြင့် ဤအပိုင်းတွင် အမျိုးသမီးများမှာ အဓိကကျသည့်အတွက်ဖြစ်သည်။
- "ထိရောက်စွာ ပူးပေါင်းပါဝင်ခြင်း" ဆိုလိုသည်မှာ ရပ်ရွာလူထုကို အကျိုးသက်ရောက်စေသည့် ရင်းမြစ်များ သို့မဟုတ် ဝန်ဆောင်မှုများနှင့်ဆိုင်သည့် ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပါဝင်ခြင်းနှင့်ပတ်သက်သော ဥပမာများ မတွေ့ရပေ။
- အချို့အုပ်စုများက ပိုမိုပါဝင်လိုသည့် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုပြီး အချို့က ပိုမိုပါဝင်ရန် အချိန်မရှိဟု ဆိုသည်။ ပါဝင်လိုသော ဆန္ဒနှင့်ပတ်သက်၍ ထင်ရှားသော ပုံသဏ္ဍာန်မရှိဘဲ ကျား၊မ၊ ပညာရေးအဆင့် အသီးသီးတွင် တွေ့ရသည်။

## မေး၆ မိမိရပ်ရွာအသိုင်းအဝိုင်းအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား ပြဿနာများကို မည်သို့တင်ပြသနည်း။

- လူအများစုက မည်သို့စောဒကတက်တိုင်ကြားရမည်ကို သိရှိကြပြီး နည်းလမ်းသုံးခုကို ဖော်ပြကြသည်။ ၎င်းတို့မှာ ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့်၊ တိုင်ကြားလွှာ သို့မဟုတ် အကြံပြု သေတ္တာအသုံးပြုခြင်းဖြင့်၊ သို့မဟုတ် ယာယီစခန်းစီမံခန့်ခွဲရေးအဖွဲ့အစည်းဝန်ထမ်းများထံ တိုက်ရိုက်ပြောခြင်း ဖြစ်ကြသည်။ သို့သော် အချို့မှာ ၎င်းတို့ စောဒကတက်နိုင်ကြောင်းပင် မသိကြပေ။
- အမျိုးသမီးများထံမှ အပြုသဘောတုံ့ပြန်မှု ၉၀ ရာခိုင်နှုန်းနှင့် အမျိုးသားများထံမှ အပြုသဘောတုံ့ပြန်မှု ၉၂ ရာခိုင်နှုန်းမှာ စခန်းတစ်ခုမှ လာသည်ကို စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။ ဤစခန်းတွင် ယာယီစခန်းစီမံခန့်ခွဲရေးအဖွဲ့အစည်းက ဝန်ဆောင်မှုအများအပြားပေးအပ်ပြီး သတင်းအချက်အလက် စီးဆင်းမှုနှင့် လမ်းကြောင်းများကို ပုံဖော်ခြင်း၊ အကြံပြုချက်နှင့် စောဒကများကို မျက်နှာချင်းဆိုင်ကောက်ယူရေးနှင့် ပိုမိုစနစ်ကျသော နည်းလမ်းကို အသုံးပြုရန် ဆောင်ရွက်ခြင်းတို့အပါအဝင် တာဝန်ယူမှုကို ပိုမိုကောင်းမွန်စေမည့် ချဉ်းကပ်ပုံများကို အချိန်ပေး အစမ်းဆောင်ရွက်ထားသည်။ အခြားပံ့ပိုးပေးသော အချက်များမှာ ထိုစခန်းသည် (စစ်တွေမြို့နှင့် နီးသည့်အတွက်) အဖွဲ့အများအပြားလာရောက်ကြပြီး ယခင်မြို့ပြတွင် နေထိုင်သူများ ပါဝင်သည်။
- အကြီးမားဆုံးကိစ္စရပ်အဖြစ် တင်ပြသည့်အချက်မှာ တိုင်ကြားမှုများကို တုံ့ပြန်မှုမရှိခြင်းဖြစ်သည်။ လိုလားသော တုံ့ပြန်ဆောင်ရွက်ချက်မရှိသည်ကို ဆိုလိုသလားဟု မေးမြန်းသည့်အခါ အုပ်စုအသီးသီးက မည်သည့်တုံ့ပြန်မှုမှ မရှိကြောင်းပြောကြားကြသည်။ ထိုအချက်ကို တင်ပြသော အဖွဲ့က မည်သည့်တုံ့ပြန်မှုမှ မရသည်ထက်စာလျှင် အဘယ့်ကြောင့် မည်သည့်ဆောင်ရွက်ချက်မှ မရှိရသနည်းဆိုသည်ကိုသိရှိ လိုကြသည်။
- ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီများမှာ တုံ့ပြန်ဆွေးနွေးမှုပြုရန် အဓိက လမ်းကြောင်းဖြစ်သည်။ သို့သော် အုပ်စုအများစုက ယင်းကော်မတီများကို ယုံကြည်မှုမရှိဟု ဆိုကြသည်။ စခန်းနှစ်ခုတွင် အမျိုးသားများနှင့် အမျိုးသမီးများက ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီများသည် တိုင်ကြားလွှာသေတ္တာကိုဖွင့်ပြီး ယင်းတို့အား ဝေဖန်သည့်စာများကို ထုတ်ယူကြသည်ဟု တင်ပြကြသည်။
- စာမရေးတတ်သူများအနေဖြင့် ယင်းတို့ တိုင်ကြားချက်ကို ရေးသားပေးရန် "ယုံကြည်ရ" သူများအား မှီခိုရသည်ဟု အမျိုးသမီးများက ဆိုသည်။ အုပ်စုတစ်ဝက်က ယင်းတို့ တိုင်ကြားမှုများအား ယာယီစခန်း စီမံခန့်ခွဲ ရေးအဖွဲ့အစည်းများသို့ တိုက်ရိုက်တင်ပြလိုကြသည်။ သို့သော် အုပ်စုအများစုက ဝေဖန်အကြံပြုချက်ကို ကိုယ်က စ၍ ပေးရသည်ထက် မေးမြန်းခံရခြင်းက ပိုမိုသက်တောင့်သက်သာရှိစေသည်ဟု ဆိုသည်။

# ရခိုင် - အကြံပြုချက်များ

| IASC CAAP | အကြံပြုချက်များ |
|---|---|
| ခေါင်းဆောင်မှု/ အုပ်ချုပ်မှု | HCT အဖွဲ့ဝင်များအနေဖြင့် ဘေးဒဏ်သင့်သူများအား ၎င်းတို့၏ဝန်ဆောင်မှုများအတွက် တာဝန်ခံမှုဆိုင်ရာ IASC ကတိကဝတ်များ (CAAP)အပေါ် လိုက်နာမှုကို အကဲဖြတ် လေ့လာသင့်သည်။<br><br>အဖွဲ့အစည်းများအနေဖြင့် ရခိုင်ပြည်နယ်တွင် တာဝန်ယူမှုပိုမိုကောင်းမွန်စေရေးကို ဦးတည်စေသည့် လက်တွေ့ကျသော ဘေးဒဏ်သင့်သူများအား တာဝန်ယူမှုဆိုင်ရာလုပ်ငန်းများကို ဖော်ဆောင်သင့်သည်။<br><br>အစုအဖွဲ့၊ ကဏ္ဍများအနေဖြင့် ဘေးဒဏ်သင့်သူများအား တာဝန်ယူမှုဆိုင်ရာ အလေ့အထ ကောင်းများကို ပိုမိုအားဖြည့်ပေးပြီး သင်ခန်းစာများကို မှတ်တမ်းတင်ထားသင့်သည်။<br><br>အဖွဲ့အစည်းအားလုံး ရပ်ရွာလူထုအသိုင်းအဝန်း၏အကြံပြုချက်များကို အချိန်မီ တုံ့ပြန်မှု ပေးသင့်သည် (အပြုသဘောဆောင်သော အဖြေမဟုတ်လျှင်ပင် အနည်းဆုံး မည်သည့်အတွက် မဖြစ်နိုင်ကြောင်းကို ရှင်းလင်းပြခြင်း) |
| ပွင့်လင်းမြင်သာမှု | ယာယီစခန်းတိုင်းရှိ စခန်းစီမံခန့်ခွဲရေးနှင့်လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ အတွက်ပါ လိုအပ်သည့် ကိရိယာတစ်ခုအဖြစ် စခန်းတွင်းရှိ ထိခိုက်လွယ်သော အုပ်စုအသီးသီးထံ ရောက်ရှိရေးအတွက် ဆက်သွယ်ရေးစီမံကိန်းတိုတစ်ခုကို စခန်းတိုင်းတွင် ထားရှိသင့်သည်။<br><br>သတင်းအချက်အလက်ကြော်ငြာဘုတ်များကို ဆက်သွယ်ပြန်ကြားရေးစီမံကိန်း၏ တစ်စိတ်တစ် ဒေသအဖြစ် ပိုမိုထိရောက်စွာ အသုံးပြုသင့်သည်။ စခန်းတွင်း ဘာဖြစ်နေသည်၊ မည်သူက ခန့်ခွဲမွမ်းမံသည်၊ မည်သည့်အခါ စသည်တို့နှင့်ဆိုင်သည့် အသုံးပြုပုံကို ရပ်ရွာနှင့် တိုင်ပင် ဆွေးနွေးသင့်သည်။<br><br>ကွင်းဆင်းဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာမှုလုပ်ငန်းများကို နားလည်မှု ပိုမိုကောင်းမွန်စေရေးအတွက် အမျိုးသားများအား ဦးတည်ရှင်းပြသင့်သည်။ |
| တုံ့ပြန်ဆွေးနွေးမှု နှင့် တိုင်ကြားချက်များ | (စေတနာ့ဝန်ထမ်း၊ ထောက်ပံ့ကြေးရ လုပ်သားများ၊ စခန်းအခြေစိုက် ဝန်ထမ်းများအပါအဝင်) စခန်းများတွင် သို့မဟုတ် စခန်းများသို့ သွားရောက် လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်း ဝန်ထမ်းအားလုံးအနေဖြင့် တုံ့ပြန်ဆွေးနွေးမှုများ ရရှိသည့်အခါ မည်သို့ ဆောင်ရွက်ရမည်ကို သိရှိထားသင့်သည်။ ယင်းတုံ့ပြန်ဆွေးနွေးမှုများကို အချိန်အတိုင်းအတာတစ်ခုအတွင်း မှတ်တမ်းတင်၊ ထိရောက်စွာ ပြန်ကြားဆက်သွယ်ပြီး တုံ့ပြန်ရန် ရှင်းလင်းသောစနစ်တစ်ခု ရှိသင့်သည်။<br><br>တိုင်ကြားမှုတုံ့ပြန်ရေးစနစ်အနေဖြင့် (လူသားချင်းစာနာမှုအဖွဲ့ များနှင့် တိုက်ရိုက်မထိတွေ့သော) နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ပုံမှန် ဦးတည်အုပ်စုဆွေးနွေးမှုများ ရှိသင့်သည်။ |
| ပူးပေါင်းပါဝင် ဆောင်ရွက်မှု | ယာယီစခန်းတွင်း လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများ ပူးပေါင်းပါဝင်နိုင်မည့် အခွင့်အရေးရရှိမှုကို သေချာစေရန်အတွက် ၎င်းတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အလေ့အထများကို ပြန်လည်သုံးသပ်သင့်သည်။ ထိရောက်စွာ ပူးပေါင်းပါဝင်နိုင်စေရန်အတွက် ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ရေးနှင့် စွမ်းရည်မြှင့်တင့်မှုတို့ လိုအပ်နိုင်သည်။ |
| ပုံစံထုတ်ခြင်း၊စောင့်ကြည့် လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း | ယာယီစခန်းတွင်း လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းပုံစံ ဆွေးနွေးမှုများတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူများပါဝင်စေမည့် နောက်ထပ် နည်းလမ်းများကို ရှာဖွေသင့်သည်။<br><br>ယာယီစခန်းတွင်း လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် ရပ်ရွာလူထုအခြေပြု စောင့်ကြည့် လေ့လာရေးစနစ်များကို အသုံးပြုရန် စဉ်းစားသင့်သည်။ |

# နောက်ဆက်တွဲ - အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ ရွေးချယ်မှုရလဒ်များ

## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ


- နေရပ်စွန့်ခွာတိမ်းရှောင်သူ စုစုပေါင်း ၃၀၁ ဦး (အုပ်စု ၃၀) နှင့် ဦးတည်အုပ်စုများဖွဲ့၍ ဆွေးနွေးမေးမြန်းခြင်းများကို ပြုလုပ်ခဲ့ပါသည်။
  - ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီများ
  - နေရပ်စွန့်ခွာတိမ်းရှောင်သူများ (ကျား/မ ခွဲခြားထားသော)
  - ကချင်ပြည်နယ်တွင် ယာယီစခန်း (၅) ခုမှ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၁၄ ဦးနှင့် ဦးတည်အုပ်စုများဖွဲ့၍ ဆွေးနွေးမေးမြန်းခဲ့ပါသည်။
    - ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီဝင် IDPs (၄၀) ဦး
    - မည်သည့်ဖွဲ့စည်းပုံတွင်မှ ပါဝင်ခြင်းမရှိတဲ့ ကျား/မ IDPs (၇၄) ဦး
  - ရခိုင်ပြည်နယ်တွင် ယာယီစခန်း (၅) ခုမှ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၈၇ ဦးနှင့် ဦးတည်အုပ်စုများဖွဲ့၍ ဆွေးနွေးမေးမြန်းခဲ့ပါသည်။
    - ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီဝင် IDPs (၆၇) ဦး
    - မည်သည့်ဖွဲ့စည်းပုံတွင်မှ ပါဝင်ခြင်းမရှိတဲ့ ကျား/မ IDPs (၁၂၀) ဦး

## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ (ကချင်ပြည်နယ်)

**မေးခွန်း ၁။ လူသားချင်းစာနာမှုအဖွဲ့အစည်းများက သင်တို့၏ အရေးအကြီးဆုံး လိုအပ်ချက်များကို တုံ့ပြန်မှု ရှိပါသလား။**

ဖြစ်နိုင်ခြေရှိသော အဖြေများ

- လူသားချင်းစာနာမှုအဖွဲ့များ မရှိပါ။
- လူသားချင်းစာနာမှု တုံ့ပြန်မှုများက လုံလောက်မှုမရှိ၊ ဦးစားပေး လိုအပ်ချက်များကို တုံ့ပြန်မှုမရှိ။
- လူသားချင်းစာနာမှု တုံ့ပြန်မှုများက ဦးစားပေး လိုအပ်ချက်များကို တုံ့ပြန်မှုရှိ၊ သို့သော် အရေအတွက်အားဖြင့် လုံလောက်မှုမရှိ။
- လူသားချင်းစာနာမှု တုံ့ပြန်မှုများက လုံလောက်မှုရှိပြီး ဦးစားပေး လိုအပ်ချက်များကိုလည်း တုံ့ပြန်မှု ရှိသည်။




## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ (ကချင်ပြည်နယ်)

### မေးခွန်း ၂။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် ထိခိုက်အလွယ်ဆုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသော အဖွဲ့အစည်းများ၏ စွမ်းရည်ကို သင်မည်ကဲ့သို့ သုံးသပ်မည်နည်း။

ဖြစ်နိုင်ခြေရှိသော အဖြေများ

- ထိခိုက်အလွယ်ဆုံးသူများသည် တိုင်ပင်ဆွေးနွေးမေးမြန်းခြင်း မရရှိသလို ထောက်ပံ့ပစ္စည်းများကိုလည်း သုံးစွဲရန် အခွင့်အလမ်း မရရှိပါ။
- ထိခိုက်အလွယ်ဆုံးသူများသည် တိုင်ပင်ဆွေးနွေးမေးမြန်းခြင်း မရရှိပေမဲ့ ထောက်ပံ့ပစ္စည်းများကို အခြားသူများနည်းတူ သုံးစွဲရန် အခွင့်အလမ်း ရရှိသည်။
- ထိခိုက်အလွယ်ဆုံးသူများသည် တိုင်ပင်ဆွေးနွေးမေးမြန်းခြင်းရရှိပေမဲ့ မည်သည့် သီးသန့်အရေးယူ ဆောင်ရွက်မှုမျိုးကို မရရှိပါ။
- ထိခိုက်အလွယ်ဆုံးသူများသည် တိုင်ပင်ဆွေးနွေးမေးမြန်းခြင်းရရှိပြီး ၎င်းတို့၏ သီးသန့်လိုအပ်ချက်များကို ထောက်ပံ့ရေးပစ္စည်းများပံ့ပိုးရာတွင် အလေးထားဆောင်ရွက်သည်။။





## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ (ကချင်ပြည်နယ်)

### မေးခွန်း ၃။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် လုပ်ကိုင်နေကြသော အဖွဲ့အစည်းများနှင့် ဆက်ဆံရေးပိုင်းဆိုင်ရာ အရည်အသွေးကို သင်မည်ကဲ့သို့ သုံးသပ်မည်နည်း။

ဖြစ်နိုင်ခြေရှိသော အဖြေများ

- ကတိမတည်၊ ဆက်ဆံရေးဆိုး။
- လုပ်ငန်းများ နောက်ဆုံးတွင် လုပ်ဆောင်ကြသော်လည်း ကြိုတင်မခန့်မှန်းနိုင်ခြင်း။
- ကတိတည်ပြီး ပုံမှန်လေးစားမှုရှိသော ဆက်ဆံရေးရှိ။
- စကားနားထောင်ပြီး လေးစားလိုက်နာမှုရှိကာ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကိုလည်း ရှင်းပြမှုရှိ။




## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ (ကချင်ပြည်နယ်)

မေးခွန်း ၄။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် လုပ်ကိုင်နေကြသော လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအကြောင်းနှင့် ၄င်းတို့၏ လုပ်ငန်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို သင်ဘယ်အတိုင်းအတာအထိ လက်ခံရရှိပါသလဲ။

ဖြစ်နိုင်ခြေရှိသော အဖြေများ

- အဖွဲ့အစည်းများအကြောင်းနှင့် ၄င်းတို့၏ လုပ်ငန်းများအကြောင်း သတင်းအချက်အလက်ကို လုံး၀ မရရှိပါ။
- အဖွဲ့အစည်းများအကြောင်းနှင့် ၄င်းတို့၏ လုပ်ငန်းများအကြောင်း သတင်းအချို့ကို လက်ခံရရှိပါသည်။
- လုပ်ဆောင်မည့်အစီအစဉ်များနှင့်ပက်သက်ပြီး လိုအပ်သော သတင်းအချက်အလက်အားလုံးကို ရရှိပါသည်။
- အဖွဲ့အစည်းများအကြောင်း၊ လုပ်ငန်းများလုပ်ဆောင်မည့်အကြောင်းနှင့် ငွေကြေးသုံးစွဲမှုများအတွက် လိုအပ်သော သတင်းအချက်အလက် အားလုံးကို ရရှိပါသည်။





## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ (ကချင်ပြည်နယ်)

မေးခွန်း ၅။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် ဆောင်ရွက်နေသော လူသားချင်းစာနာမှုလုပ်ငန်း အစီအစဉ်များတွင် သင်မည်သည့်အတိုင်းအတာအထိ ပူးပေါင်းပါဝင်ခဲ့သော အတွေ့အကြုံ ရှိပါသလဲ။

ဖြစ်နိုင်ခြေရှိသော အဖြေများ

- လျစ်လျူရှုထားခြင်း ခံရသည်။ တစ်စုံတစ်ရာဆွေးနွေးမှုမျိုးမရှိဘဲ လုပ်ငန်းများကို လျာထားပြီး အကောင်အထည်ဖော် ဆောင်ရွက်သည်။
- အကြောင်းကြားခြင်း ခံရသော်လည်း ပါဝင်ပက်သက်မှု မရှိ။ ဘာလုပ်မည်ဆိုတာကို ရှင်းပြပြီး စီမံကိန်းသည် ရပ်ရွာအသိုင်းအဝန်းအတွက် မည်သို့အကျိုးရှိမည်ကိုသာ ရှင်းပြသည်။
- တိုင်ပင်ဆွေးနွေးမှုမျိုးရှိသည်။ အဖွဲ့အစည်းများသည် စီမံကိန်းများကို လျာထားချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများအတွက် တိုင်ပင်ပြီး ဆုံးဖြတ်ချက်များကိုလည်း အကြောင်းကြားပါသည်။
- ပါဝင်ပက်သက်မှု ရှိသည်။ ရပ်ရွာအသိုင်းအဝိုင်းသည် စီမံကိန်းများ၏ စီမံချက်၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်သုံးသပ်မှုများ ပြုလုပ်ရာတွင် ပါဝင်ခွင့်ရှိသည်။




## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဇွန်လ (ကချင်ပြည်နယ်)

### မေးခွန်း ၆။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား ပြဿနာများကို သင်မည်ကဲ့သို့ ဖော်ပြမည်နည်း။

ဖြစ်နိုင်ခြေရှိသော အဖြေများ

- တိုင်ကြားမှုများကို ဆက်သွယ်နိုင်ဖို့ မည်သည့်နည်းလမ်းမှ မရှိပါ။
- တိုင်ကြားနိုင်သော်လည်း အသေးစိတ်တုံ့ပြန်ဖြေရှင်းမှုများ မည်သည့်အခါမှ မရရှိခဲ့ပါ။
- အဖွဲ့အစည်းက တိုင်ကြားမှုများနှင့် ပြဿနာများကို မည်သို့ ဖော်ပြနိုင်ကြောင်းနှင့် တိုင်ကြားမှုတိုင်းအတွက် အကြိမ်တိုင်းနီးပါး တုံ့ပြန်ဖြေရှင်းမှုများ ရှိပါသည်။
- တိုင်ကြားမှုများကို ကိုင်တွယ်နည်းစနစ် ရှိသည်။ တိုင်ကြားမှုအတွက် လျင်မြန်သော တုံ့ပြန်မှုရှိပြီး တာဝန်ယူဖြေရှင်းနိုင်မှု ရှိသည်။





## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဇွန်လ (ရခိုင်ပြည်နယ်)

### မေးခွန်း ၁။ လူသားချင်းစာနာမှုအဖွဲ့အစည်းများက သင်တို့၏ အရေးအကြီးဆုံး လိုအပ်ချက်များကို တုံ့ပြန်မှု ရှိပါသလား။

ဖြစ်နိုင်ခြေရှိသော အဖြေများ

- လူသားချင်းစာနာမှုအဖွဲ့များ မရှိပါ။
- လူသားချင်းစာနာမှု တုံ့ပြန်မှုများက လုံလောက်မှုမရှိ၊ ဦးစားပေး လိုအပ်ချက်များကို တုံ့ပြန်မှုမရှိ။
- လူသားချင်းစာနာမှု တုံ့ပြန်မှုများက ဦးစားပေး လိုအပ်ချက်များကို တုံ့ပြန်မှုရှိ၊ သို့သော် အရေအတွက်အားဖြင့် လုံလောက်မှုမရှိ။
- လူသားချင်းစာနာမှု တုံ့ပြန်မှုများက လုံလောက်မှုရှိပြီး ဦးစားပေး လိုအပ်ချက်များကိုလည်း တုံ့ပြန်မှု ရှိသည်။




## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ (ရခိုင်ပြည်နယ်)

### မေးခွန်း ၂။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် ထိခိုက်အလွယ်ဆုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသော အဖွဲ့အစည်းများ၏ စွမ်းရည်ကို သင်မည်ကဲ့သို့ သုံးသပ်မည်နည်း။

ဖြစ်နိုင်ခြေရှိသော အဖြေများ

- ထိခိုက်အလွယ်ဆုံးသူများသည် တိုင်ပင်ဆွေးနွေးမေးမြန်းခြင်း မရရှိသလို ထောက်ပံ့ပစ္စည်းများကိုလည်း သုံးစွဲရန် အခွင့်အလမ်း မရရှိပါ။
- ထိခိုက်အလွယ်ဆုံးသူများသည် တိုင်ပင်ဆွေးနွေးမေးမြန်းခြင်း မရရှိပေမဲ့ ထောက်ပံ့ပစ္စည်းများကို အခြားသူများနည်းတူ သုံးစွဲရန် အခွင့်အလမ်း ရရှိသည်။
- ထိခိုက်အလွယ်ဆုံးသူများသည် တိုင်ပင်ဆွေးနွေးမေးမြန်းခြင်းရရှိပေမဲ့ မည်သည့် သီးသန့်အရေးယူဆောင်ရွက်မှုမျိုးကို မရရှိပါ။
- ထိခိုက်အလွယ်ဆုံးသူများသည် တိုင်ပင်ဆွေးနွေးမေးမြန်းခြင်းရရှိပြီး ၄င်းတို့၏ သီးသန့်လိုအပ်ချက်များကို ထောက်ပံ့ရေးပစ္စည်းများပံ့ပိုးရာတွင် အလေးထားဆောင်ရွက်သည်။။




## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ (ရခိုင်ပြည်နယ်)

### မေးခွန်း ၃။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် လုပ်ကိုင်နေကြသော အဖွဲ့အစည်းများနှင့် ဆက်ဆံရေးပိုင်းဆိုင်ရာ အရည်အသွေးကို သင်မည်ကဲ့သို့ သုံးသပ်မည်နည်း။

ဖြစ်နိုင်ခြေရှိသော အဖြေများ

- ကတိမတည်၊ ဆက်ဆံရေးဆိုး။
- လုပ်ငန်းများ နောက်ဆုံးတွင် လုပ်ဆောင်ကြသော်လည်း ကြိုတင်မခန့်မှန်းနိုင်ခြင်း။
- ကတိတည်ပြီး ပုံမှန်လေးစားမှုရှိသော ဆက်ဆံရေးရှိ။
- စကားနားထောင်ပြီး လေးစားလိုက်နာမှုရှိကာ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကိုလည်း ရှင်းပြမှုရှိ။




## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ (ရခိုင်ပြည်နယ်)

**မေးခွန်း ၄။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် လုပ်ကိုင်နေကြသော လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအကြောင်းနှင့် ၄င်းတို့၏ လုပ်ငန်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို သင်ဘယ်အတိုင်းအတာအထိ လက်ခံရရှိပါသလဲ။**

ဖြစ်နိုင်ခြေရှိသော အဖြေများ

- အဖွဲ့အစည်းများအကြောင်းနှင့် ၄င်းတို့၏ လုပ်ငန်းများအကြောင်း သတင်းအချက်အလက်ကို လုံးဝ မရရှိပါ။
- အဖွဲ့အစည်းများအကြောင်းနှင့် ၄င်းတို့၏ လုပ်ငန်းများအကြောင်း သတင်းအချို့ကို လက်ခံရရှိပါသည်။
- လုပ်ဆောင်မည့်အစီအစဉ်များနှင့်ပက်သက်ပြီး လိုအပ်သော သတင်းအချက်အလက်အားလုံးကို ရရှိပါသည်။
- အဖွဲ့အစည်းများအကြောင်း၊ လုပ်ငန်းများလုပ်ဆောင်မည့်အကြောင်းနှင့် ငွေကြေးသုံးစွဲမှုများအတွက် လိုအပ်သော သတင်းအချက်အလက် အားလုံးကို ရရှိပါသည်။





## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ (ရခိုင်ပြည်နယ်)

**မေးခွန်း ၅။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် ဆောင်ရွက်နေသော လူသားချင်းစာနာမှုလုပ်ငန်း အစီအစဉ်များတွင် သင်မည်သည့်အတိုင်းအတာအထိ ပူးပေါင်းပါဝင်ခဲ့သော အတွေ့အကြုံ ရှိပါသလဲ။**

ဖြစ်နိုင်ခြေရှိသော အဖြေများ

- လျစ်လျူရှုထားခြင်း ခံရသည်။ တစ်စုံတစ်ရာဆွေးနွေးမှုမျိုးမရှိဘဲ လုပ်ငန်းများကို လျာထားပြီး အကောင်အထည်ဖော် ဆောင်ရွက်သည်။
- အကြောင်းကြားခြင်း ခံရသော်လည်း ပါဝင်ပက်သက်မှု မရှိ။ ဘာလုပ်မည်ဆိုတာကို ရှင်းပြပြီး စီမံကိန်းသည် ရပ်ရွာအသိုင်းအဝန်းအတွက် မည်သို့အကျိုးရှိမည်ကိုသာ ရှင်းပြသည်။
- တိုင်ပင်ဆွေးနွေးမှုမျိုးရှိသည်။ အဖွဲ့အစည်းများသည် စီမံကိန်းများကို လျာထားချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများအတွက် တိုင်ပင်ပြီး ဆုံးဖြတ်ချက်များကိုလည်း အကြောင်းကြားပါသည်။
- ပါဝင်ပက်သက်မှု ရှိသည်။ ရပ်ရွာအသိုင်းအဝိုင်းသည် စီမံကိန်းများ၏ စီမံချက်၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်သုံးသပ်မှုများ ပြုလုပ်ရာတွင် ပါဝင်ခွင့်ရှိသည်။




## တာဝန်ယူမှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ် ဖွန်လ (ရခိုင်ပြည်နယ်)

### မေးခွန်း ၆။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား ပြဿနာများကို သင်မည်ကဲ့သို့ ဖော်ပြမည်နည်း။

ဖြစ်နိုင်ခြေရှိသော အဖြေများ

- တိုင်ကြားမှုများကို ဆက်သွယ်နိုင်ဖို့ မည်သည့်နည်းလမ်းမှ မရှိပါ။
- တိုင်ကြားနိုင်သော်လည်း အသေးစိတ်တုံ့ပြန်ဖြေရှင်းမှုများ မည်သည့်အခါမှ မရရှိခဲ့ပါ။
- အဖွဲ့အစည်းက တိုင်ကြားမှုများနှင့် ပြဿနာများကို မည်သို့ ဖော်ပြနိုင်ကြောင်းနှင့် တိုင်ကြားမှုတိုင်းအတွက် အကြိမ်တိုင်းနီးပါး တုံ့ပြန်ဖြေရှင်းမှုများ ရှိပါသည်။
- တိုင်ကြားမှုများကို ကိုင်တွယ်နည်းစနစ် ရှိသည်။ တိုင်ကြားမှုအတွက် လျင်မြန်သော တုံ့ပြန်မှုရှိပြီး တာဝန်ယူဖြေရှင်းနိုင်မှု ရှိသည်။



OCHA United Nations Office for the Coordination of Humanitarian Affairs